


ဟောကြားသူ၊ ဥက္ကဋ္ဌကြီး သောမစ် အဲ့စ် မွန်ဆွန်

# သင့်အားမလဲကျစေရ၊ သင့်အားမစွန့်မပစ်

မလွဲမသွေ ကြုံတွေ့ ကြရမယ့် ခက်ခဲမှုများကို ဖြတ်သန်းအောင်မြင်ခြင်းအားဖြင့် ကျွန်တော်တို့ရဲ့အသက် တာဟာ သာ၍အားကြီးလာပြီး အတွေ့အကြုံ ရင့်ကျက်လာသော အသစ်သာဖြစ်လာတယ်ဆိုတာကို ကောင်းကင်ဘုံရှင်အဘ သိတော်မူပါတယ်။

"ဒီနေ့ အထွေထွေညီလာခံဟာ ကျွန်တော် တက်ရောက်ခဲ့ဖူးတဲ့ ညီလာခံတွေထဲက အကောင်းဆုံးညီလာခံဖြစ်တယ်လို့" ကျွန်တော့်ရဲ့ နေ့စဉ်မှတ်တမ်းမှာ ဒီနေ့မှတ်တမ်းတင်သွားပါမယ်။

ဒီညီလာခံမှာပြောသွားတဲ့အရာတွေဟာဆိုရင်ဖြင့် ဝိညာဉ်ရေးရာခွန်အားတိုးစရာတွေဖြစ်ပါတယ်။

ညီအကိုမောင်နှမများခင်များ၊ လွန်ခဲ့သော ခြောက်လပတ် အထွေထွေညီလာခံ မတိုင်မီရက်များမှာ၊ ကျွန်တော်ချစ်ရတဲ့ဇနီး ဖရန်ဆက်ဟာ ကိုယ်ခန္ဓာမကျန်းမာမှုကြောင့် ဆေးရုံတက်ခဲ့ရပါတယ်။

ကျန်းမာရေးမကောင်းမှုကြောင့်ရှန်းကန်ရင်း မေလမှာပဲ့ ကျွန်တော့်ဇနီးကွယ်လွန် သွားခဲ့ပါတယ်။

သူမစွန့်ခွါသွားမှုဟာတကယ်ပဲ ကျွန်တော့်အတွက်စိတ်ထိခိုက်စရာအရာတစ်ခုဖြစ်ပါတယ်။

ကျွန်တော်တို့ဇနီးမောင်နှံဟာဆိုရင် အောက်တိုဘာလ ခုနစ်ရက်နေ့၊ ၁၉၄၈ ခုနှစ်မှာ ဆော့လိတ်ဗိမ္မာန်တော်မှာ လက်ထပ်ခဲ့ကြပါတယ်။

မနက်ဖြန်ဟာဆိုရင်ဖြင့် ကျွန်တော်တို့ရဲ့ ၆၅ နှစ်မြောက် ထိမ်းမြားလက်ထပ်ခြင်းနှစ်ဖြစ်ပါတယ်။

သူမဟာ ကျွန်တော်အချစ်ရဆုံး၊ အယုံကြည်ရဆုံးနဲ့၊ အကောင်းဆုံးမိတ်ဆွေလည်းဖြစ်ပါတယ်။

သူမကို လွမ်းတယ်လို့ပြောရုံနဲ့ ကျွန်တော် ဘယ်လောက်ထိခံစားရတယ်ဆိုတာကိုတိုင်းတာလို့မရပါဘူး။

ဒီညီလာခံဟာဆိုရင် ဥက္ကဋ္ဌ ဒေးဗစ် အို မက်ကေးက ကျွန်တော့်ကိုတမန်တော် တစ်ဆယ့်နှစ်ပါးအဖွဲ့ဝင် ဖြစ်ခေါ်တဲ့ နှစ် ၅၀ မြောက်အထိန်းအမှတ်လည်းဖြစ်ပါတယ်။

ဒီလို ကုန်လွန်ခဲ့တဲ့ နှစ်များတစ်လျောက်မှာ ကျွန်တော့်ချစ်ဇနီးရဲ့ ပံ့ပိုးမှုကို အပြည့်အဝ ခံစားခဲ့ရပါတယ်။

ကျွန်တော့်ရဲ့ တာဝန်တွေကို အောင်မြင်စွာ ထမ်းဆောင်နိုင်ဖို့ သူမက များစွာပေးဆပ်ခဲ့ရပါတယ်။

မိသားစုကိုထားခဲ့ပြီး ရက်များစွာ၊ တခါတခါ ရက်သတ္တပတ် များစွာ ခရီးထွက်ခဲ့ပေမယ့်၊ ဘယ်သောအခါမှ ညည်းသွားမှုမပြုခဲ့ပါဘူး။

သူမဟာ တကယ်ပဲကောင်းကင်ကပေးတဲ့ ဆုပါပဲ။

ကျွန်တော့်ဇနီး ကွယ်လွန်သွားပြီးနောက်မှာ အဘက်ဘက်က အားပေးကူညီကြတဲ့ မိသားစုဝင်တွေကို လည်းတကယ်ပဲ ကျေးဇူးတင်မိပါတယ်။

ကမ္ဘာအနံ့အပြားကနေ ကျွန်တော့်ဇနီးရဲ့ ကောင်းမှုကို စာနဲ့၄င်း၊ ပို့စ်ကတ်နဲ့၄င်း ပေးပို့ မေတ္တာပြခဲ့ကြပါတယ်။

ပန်းတွေကို အလှဆင်ပြီးတော့လည်း ပို့ခဲ့ကြပါတယ်။

သူမကိုရည်စူးပြီးတော့ အသင်းတော်ရဲ့ သာသနာလုပ်ငန်းအတွက် အလှူငွေများစွာ ထည့်သွင်းလှူဒါန်းခဲ့ကြတဲ့အတွက်လည်း အထူးကျေးဇူးတင်ပါတယ်။

မိသားစုကိုယ်စား ကျွန်တော်အနေနဲ့ သင်တို့ရဲ့ မေတ္တာပြ ကူညီမှုအတွက်ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

ဒီဝမ်းနည်းတဲ့ကာလ အတွင်းမှာ ကျွန်တော့်အတွက် အကောင်းဆုံးခွန်ဖြစ်စေတဲ့အရာကတော့ ယေရှုခရစ်တော်ရဲ့ ဧဝံဂေလိတရားတော်နဲ့ ကျွန်တော်ချစ်ဇနီး ဖရန်ဆင့် ဟာကွယ်လွန်သွားသော်လည်း အသက် ရှင်နေတဲ့ဆိုတဲ့ အသိတရားပါပဲ။

အခုလိုခွဲခွါရတာဟာလည်း တခဏတာဖြစ်ပါတယ်။

ကျွန်တော်တို့ဇနီး မောင်နှံဟာ ဘုရားသခင်ရဲ့ အိမ်တော်မှာ အခွင့်အာဏာရှိသူရဲ့ တံဆိပ်ခံခြင်း ခံခဲ့ပါတယ်။

တနေ့မှာ ကျွန်တော်တို့ နှစ်ယောက်ပြန်ဆုံပြီး ထာဝရအတူရှိမယ်ဆိုတာကို ကျွန်တော်သိထားပါတယ်။

ဒီအသိတရားက ကျွန်တော့်ကို ခွန်အားပေးပါတယ်။

ညီအကိုမောင်နှမများခင်များ၊ ဒုက္ခကင်းတဲ့ လူသားဆိုတာမရှိသလို၊ ဒုက္ခကင်းတဲ့ လူ့သမိုင်းဆိုတာလည်း မရှိခဲ့ဖူးလို့ ပြောရရင်မမှားပါဘူး။

ဘဝမှာအဆိုးကြုံရပြီဆိုရင်ဖြင့် "ဘာကြောင့် ငါဒီလိုဖြစ်ရသလဲ" လို့မေးတတ်ကြပါတယ်။

တစ်ခါတလေမှာတော့ အလင်းပျောက်ကွယ်ပြီး၊ ညကို အဆုံးသတ်စေမယ့် နေရောင်လည်း ပျောက်ကွယ်တဲ့အချိန်တွေရှိပါတယ်။

ကျိုးပဲ့သွားတဲ့ အိမ်မက်တွေကြောင့် စိတ်ပျက်မှု၊ ပျောက်ဆုံးသွားတဲ့ မျော်လင့်ချက်တွေကြောင့် သိမ်ငယ် မှုတွေကို ကျွန်တော်တို့ ကြုံတွေ့ရတတ်ပါတယ်။

ကျမ်းစာထဲမှာပါတဲ့အတိုင်း "ဒုက္ခကို ကုသပေးမယ့်ဆေးမရှိသလော" ဆိုပြီးညည်းတွားတတ်ကြပါတယ်။[၁]

အစွန့်ပစ်ခံပြီး အထီးကျန်ဘဝကို ရောက်သလိုခံစားတတ်ကြပါတယ်။

ကျွန်တော်တို့ရဲ့ ကံမကောင်းမှုကို ကြည့်ပြီး အမြဲပဲ အဆိုးမြင်တတ်တဲ့ အတွေးတွေပေါ်လာတတ်ပါတယ်။

ဘုရားသခင်ထံကလာတဲ့ သည်းခံခြင်းကိုမေ့လျော့ပြီး ပြသနာရဲ့ အဖြေကို စောင့်ရာမှာ စိတ်မရှည် ဖြစ်ခဲ့တတ်ပါတယ်။

ကျွန်တော်တို့ ကြုံတွေ့ရတဲ့ ခက်ခဲမှုတွေဟာ အဆုံးတိုင်အောင်တည်ကြည်မှုရှိမရှိဆိုတဲ့ စစ်ဆေးမှုတွေနဲ့ လာတတ်ပါတယ်။

ကျွန်တော်တို့အယောက်တိုင်း ဖြေရမယ့် အခြေခံမေးခွန်းကတော့၊ လက်လျော့မလား၊

အပြီးတိုင် ဆက်လျှောက်လား ဆိုတာပါပဲ။

လူတစ်ချို့ကတော့ လဲရာကမထနိုင်လို့အရှုံး ပေးတတ်ပါတယ်။

အပြီးတိုင်ဆက်လျှောက်မယ်ဆိုရင်ဖြင့် အဆုံးတိုင် တည်ကြည်ရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အပေါ်ကျရောက်တဲ့ အခက်ခဲများကို စဉ်းစားရင်း ယောဘလိုပဲ "လူသားသည် ဒုက္ခခံရန်ဖွါးမြင်၏" လို့ ဆိုနိုင်ပါတယ်။[၂]

ယောဘဟာ "ဖြောင့်မတ်တည်ကြည်" ပြီး "ဘုရားသခင်ကို ရိုသေလျက်၊ ဒုစရိုက်အမှုကို ရှောင်သောသူဖြစ်ပါတယ်။" [၃]

ဘုရားတရားကိုင်းရှိုင်းပြီး၊ စည်းစိမ်ဥစ္စာကြွယ်ဝတဲ့ ယောဘဟာ အပြင်းထန်ဆုံးသော ဘုရားသခင်ရဲ့ စမ်းသပ်ခြင်းကို ခံခဲ့ရပါတယ်။

စည်းစိမ်ဥစ္စာဆုံးရှုံးပြီး၊ မိတ်ဆွေတို့ရဲ့ ကဲ့ရဲ့ပြစ်တင်ခြင်းကိုခံကာ၊ နာကျင်ဝေဒနာခံစားလျက် မိသားစုဝင်များကို ဆုံးရှုံးနေချိန်မှာ အများက ဘုရားသခင်ကို ကျိန်ဆဲပြီးသေပါတော့လား လို့ပြီးပြောခဲ့ပါတယ်။ [၄]

ဒါပေမယ့် ယောဘက ဒီဆုံးစမ်းခြင်းကို ကြံ့ကြံ့ခံပြီးတော့ အခုလို ပြောခဲ့ပါတယ်။

"ကြည့်လော့၊ ငါ၏သက်သေသည် ကောင်းကင်၌တည်၍၊ ဘုရားသခင်သိမှတ်တော်မူပြီ" [၅]

"ငါ့ကိုကယ်တင်သောအရှင် အသက်ရှင်ကြောင်းကိုငါသိသည်။" [၆]

မိမိရဲ့ ယုံကြည်ကို ယောဘ စောင့်ထိန်းခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ အသက်တာမှာလည်း အခက်ခဲကြုံတဲ့အခါ ယောဘလိုအသက်ရှင်ကြမလား။

ဘဝရဲ့ ဒဏ်တွေကြောင့် ဝန်လေးနေရတဲ့ အခါမှာ၊ အခြားသူတွေလည်း ခက်ခဲမှုကို ကြုံရပြီးတော့၊ အဆုံး တိုင်တည်ကြည် အောင်မြင်ခဲ့တယ်ဆိုတဲ့အကြောင်း သတိရကြပါစို့။

ဤနောက်ဆုံးသောကာလမှာလည်း အသင်းတော်ရဲ့ သမိုင်းကိုပြန်ကြည့်မယ်ဆိုရင်၊ ခက်ခဲမှုများစွာ ကြုံတွေ့သည့်တိုင်အောင် အဆုံးတိုင်တည်ကြည်ပြီးတော့ စိတ်နှလုံးဝမ်းမြောက်စွာ အသက်ရှင်ခဲ့ကြတဲ့ အသင်းသူအသင်းအသားများစွာကို တွေ့ရပါတယ်။

အကြောင်းရင်းကတော့သူတို့ရဲ့ အသက်တာမှာ ယေရှုခရစ်တော်ရဲ့ဧဝံဂေလိသတင်းကောင်းကို ဦးထိပ်ထားလို့ပဲဖြစ်ပါတယ်။

ဒီတရားတော်အားဖြင့် ဘာပဲကြုံရ ကြုံရ နှလုံးထူနိုင်မှာဖြစ်ပါတယ်။

အခက်အခဲဆိုတာတော့ ဆက်လက်ကြုံရမှာပါ၊ ဒါပေမယ့်တရားတော်မှာ မွေ့လျော်ရင်အဆုံးမှာအောင် မြင်သောသူများဖြစ်ရပါလိမ့်မယ်။

"သင့်အား မလဲကျစေရ၊ သင့်အားမစွန့်မပစ်" [၇] ဆိုတဲ့ ဘုရားသခင်ရဲ့ ဂတိတော်အားဖြင့် မျက်ရည်ကျလဲလျောင်းနေချိန်မှာပင် ဘုရားသခင်က ဖေးမကူညီတော်မူပါတယ်။

တာဝန်အရ ကမ္ဘာအနှံ့ကိုလည့်လည်ခဲ့တဲ့တစ်လျှောက်မှာ လူတိုင်း ဝမ်းနည်းခြင်းကို ကြုံတွေ့ရပါလား ဆိုတာကို သိခဲ့ရပါတယ်။

မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရတဲ့ လူတွေရဲ့ ဝေဒနာ၊ ဖျားနာခြင်း၊ အိမ်ထောင်ပြိုကွဲခြင်း၊ လမ်းမှားတဲ့သားသမီးများကြောင့်ဝမ်းနည်းရခြင်းနဲ့၊ အပြစ်ကြောင့်ဝန်လေနေရတဲ့ စိတ်တွေကို တကယ်ပဲ တိုင်းတာလို့မရပါဘူး။

ကျွန်တော်တို့အပေါ်ကျရောက်တတ်တဲ့ ဝမ်းနည်းမှုတွေဟာ တကယ်တော့ ရေတွက်လို့ မကုန်နိုင်ပါဘူး။

အရေးကြီးဆုံးသော ပြဿနာရယ်လို့ ဝေခွဲဖို့ ခက်ပါတယ်၊ ဒါပေမယ့် ခက်မှုအကြောင်းကို စဉ်းစားတိုင်း ကျွန်တော်ငယ်ငယ်က ဥပုဒ်စာဖြေကျောင်းဆရာ တစ်ယောက်အကြောင်းအမြဲတွေးမိပါတယ်။ သူ့နာမည်ကတော့ ညီအကိုကြီး ဘရင်း ဖြစ်ပါတယ်။

သူဟာဆိုရင် အသင်းတော်ရဲ့ သစ္စာရှိတဲ့ အသင်းသားတစ်ယောက်ဖြစ်ပြီး၊ ရွှေကဲ့သို့ မြတ်တဲ့ နှလုံးသားကို ပိုင်ဆိုင်ထားသူလည်းဖြစ်ပါတယ်။

သူနဲ့ သူ့ဇနီး ဆာဒီမှာ ကလေး ရှစ်ယောက်ရှိပြီး အများစုဟာ ကျွန်တော်တို့ မိသားစုနဲ့ ရွယ်သူတွေပါပဲ။

ကျွန်တော်နဲ့ ဖရန်းဆင့် လက်ထပ်ပြီးနောက်ပိုင်းမှာ ဆိုရင် ညီအကိုကြီးဘရင်း ရဲ့ မိသားစုနဲ့ မင်္ဂလာပွဲများမှာငှင်း၊ အသုဘများမှာငှင်း၊ အသင်းတော်ရဲ့ ပွဲများမှာငှင်း အကြိမ်ကြိမ်တွေ့ဆုံခဲ့ ပါတယ်။

၁၉၆၈ ခုနှစ်မှာ ညီအကိုကြီး ဘရင်းရဲ့ ဇနီး ဆာဒီ ကွယ်လွန်သွားပါတယ်။

နှစ်တွေလွန်လာတဲ့အခါမှာတော့ သူ့ကလေးနှစ်ယောက်လည်း ကွယ်လွန်သွားပြန်ပါတယ်။

လွန်ခဲ့တဲ့ ၁၃ နှစ်က၊ ညီအကိုကြီး ဘရင်းရဲ့ အကြီးဆုံးမြေးကကျွန်တော့်ကိုဖုန်းဆက်ပါတယ်။

သူမက ညီအကိုကြီး ဘရင်းဟာ နှစ် ၁၀၅ နှစ်ပြည့်ပြီလို့ပြောပါတယ်။

ညီအကိုကြီးဟာ အသက်ကြီးသူများကို ပြုစုတဲ့ ရိပ်သာမှာ နေပြီးတော့ တနင်္ဂနွေနေ့တိုင်း မိသားစုဝင်များနှင့် တွေ့ပြီး ဒေသနာဝေငှလေ့ရှိတယ်လို့ သူမဆိုခဲ့ပါတယ်။

ပြီးတော့ ပြီးခဲ့ တစ်ပါတ်က အဖိုးက ဒီရက်အပတ်အတွင်းမှာ ငါ ဆုံးတော့မယ်လို့ပြောခဲ့ပါတယ်။

တောမီ မွန်ဆွန်ကို ဖုန်းခေါ်လိုက်ပါ၊ သူဘာလုပ်ရမယ်ဆိုတာ သူသိတယ်လို့ပြောပါတယ်။

နောက်တနေ့ ညနေပိုင်းမှာ ပဲ ကျွန်တော် ညီအကိုကြီး ဘရင်းကို သွားတွေ့ခဲ့ပါတယ်။

သူ့ကို မတွေ့တာတော့ တော်တော်ကြာသွားပါပြီ။

သူက နားမကြားတော့တဲ့တွက် သူနဲ့စကားပြောခွင့်မရခဲ့ပါဘူး။

သူ့ရဲ့ အမြင်အာရုံလည်းပျောက်သွားတဲ့အတွက် စာရေးပြီးတော့လည်းပြောဆိုလို့မရ ဖြစ်ခဲ့ပါတယ်။

မိသားစုအနေနဲ့ကတော့ သူ့ရဲ့ ညာဘက်လက်ချောင်းနဲ့ ဘယ်ဘက် လက်ဝါးပေါ်မှာ စာထွန်းပြီး ဘယ်သူ လာလည်တယ်ဆိုတာကို ပြောခဲ့ပါတယ်။

ပြောချင်တာတွေကို ဒီလိုနည်းနဲ့သာပြောရပါတယ်။

အဲဒီလိုပဲ ကျွန်တော်လည်း သူ့လက်ချောင်းများနဲ့ တော်မီဆိုတဲ့ နာမည်ကို ရေးခဲ့ပါတယ်။ သူက ကျွန်တော့်ကို တော်မီ လို့ အမြဲခေါ်လေ့ရှိပါတယ်။

ညီအကိုကြီး ဘရင်းဟာ ဝမ်းသာအားရဖြစ်ပြီး ကျွန်တော့်လက်ကို သူ့ဦးခေါင်းပေါ်မှာ တင်ထားပါတယ်။

ယဇ်ပုရောဟိတ်ကောင်းကြီး ရချင်တယ်ဆိုတာကျွန်တော်ချက်ချင်းသိလိုက်ပါတယ်။

ကျွန်တော့်ရဲ့ ကားဆရာလည်းကျွန်တော်နဲ့ အတူ ညီအကိုကြီးရဲ့ ဦးခေါင်းပေါ်လက်တင်ပြီး ကောင်းကြီးပေးခဲ့ကြပါတယ်။

အဆုံးမှာ ကွယ်နေတဲ့ သူ့မျက်လုံးက မျက်ရည်စီးကျလာပါတယ်။

ဝမ်းသာလို့ ကျွန်တော်တို့ ရဲ့ လက်ကို လည်း သူဆုပ်ကိုင်ထားပါတယ်။

ကျွန်တော်တို့ပေးသွားတဲ့ကောင်းကြီးမင်္ဂလာကို သူမကြားပေမယ့် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သူ့ကို တို့ထိပါတယ်။

သူဟာဆိုရင် မျက်မမြင်ပါ။ သူဟာဆိုရင် အကြားအာရုံမရှိတော့တဲ့သူပါ။ ရိပ်သာရဲ့ သေးငယ်တဲ့အခန်းတစ်ခုတည်းမှာ နေ့ည သူနေခဲ့ရပါတယ်။

သို့တိုင်အောင် အပြုံးနဲ့ သူပြောခဲ့တဲ့စကားက ကျွန်တော့်နှလုံးသားကို တို့ထိပါတယ်၊ "ကျေးဇူးတင်ပါတယ်" "ကောင်းကင်ဘုံရှင်အဘ ကျွန်တော့်အပေါ်မှာကောင်းတယ်"လို့ သူဆိုခဲ့ပါတယ်။

တစ်ပတ်အတွင်းမှာ ပဲ ညီအကိုကြီး ဘရင်း မျှော်လင့်ထားတဲ့အတိုင်း သူကွယ်လွန်သွားခဲ့ပါတယ်။

သူ့အသက်တာမှာ မရှိတဲ့အရာတွေပေါ်မှာ စိတ်ညစ်နေမယ့်အစား၊ ခံစားရတဲ့ကောင်းကြီး မင်္ဂလာတွေကြောင့်အမြဲဝမ်းမြောက်နေပါတယ်။

ကောင်းကင်ဘုံရှင်အဘကို ကျွန်တော်တို့အတွက် များစွာပေးထားသလို၊ ဘဝမှာ မဖြစ်မနေဖြစ်သန်းရမယ့် အခက်အခဲတွေကို ရင်ဆိုင်ပြီးအောင်မြင်တဲ့အခါ ကျွန်တော်တို့အတွက် ခွန်အားတိုးစရာဖြစ်လာတယ်ဆိုတာကို သူသိထားပါတယ်။

ဘဝမှာ ရင်ကွဲရတဲ့ အဖြစ်တွေ၊ ဝမ်းနည်းရတဲ့အဖြစ်အတွေကို ကြုံရပြီးတော့၊ မခံနိုင်လုနီးနီးသောစုံစမ်းခြင်းတွေကိုလည်းကြုံရမယ်ဆိုတာကို ကျွန်တော်တို့သိထားပြီးသားပါ။

ဒါပေမယ့် အဲဒီအတွေ့အကြုံတွေက ကျွန်တော်တို့ကို အသစ်သော သူဖြစ်စေပြီး၊ ဘုရားသခင်အလိုအတိုင်း သာ၍နားလည်တတ်သောသူ၊ သာ၍ ကိုယ်ချင်းစာတတ်သောသူ၊ သာ၍ယုံကြည်ခြင်းအရာမှာ အားကြီးသောသူများဖြစ်စေပါတယ်။

သစ္စာဖြင့် အဆုံးတိုင်တည်ကြည်အောင်၊ ဒုက္ခသုခ ကြုံတွေ့ခြင်းအားဖြင့် ဝိညာဉ်အရာမှာ အသစ်သောသူများဖြစ်လာအောင် ကြိုးစားသင့်ပါတယ်။

ရင်ဆိုင်ရမယ့် အခက်အခဲတွေ၊ ဖြေရှင်းရမယ့် ပြဿနာတွေသာ မရှိဘူးဆိုရင်၊ ထာဝရအသက်ရဖို့ ကြိုးစားတဲ့နေရာမှာဘာမှ အရာတွင်မှာ မဟုတ်ပါဘူး။

ကဗျာဆရာတစ်ပါးက ဒီအရာကို အခုလိုဆိုထားပါတယ်။

ကောင်းချိန်မူကား အလွယ်မရ၊ လေထန်လေလေ သစ်ပင်အားကြီးလေလေ

မိုးမြင့်လေလေ၊ ကျယ်မြောလေလေ၊

မုန်တိုင်းထန်လေလေ၊ ခံနိုင်ရည်အား ကောင်းလေလေ

နေပူ အအေးချိန်၊ မိုးရေ နဲ့ နှင်းဖွဲများ

သစ်ပင် နဲ့ လူသား လည်း ကောင်းအသော အချိန်ကို ကြုံရ၏။ [၈]

သခင်သာလျှင် ကျွန်တော်တို့ရဲ့ စုံစမ်းခြင်း၊ နာကျင်ခြင်းနဲ့ ဝေဒနာများကို နားလည်ပါတယ်။

သူသာလျှင် ဒုက္ခရောက်ချိန်မှာ ထာဝရငြိမ်သက်ခြင်းကို ပေးပိုင်ပါတယ်။ သူသာလျှင်ကြေကွဲနေတဲ့ ကျွန်တော်တို့ရဲ့ နှလုံးသားကို ကျန်းမာစေနိုင်ပါတယ်။

"ဝန်လေး၍ ပင်ပန်းသောသူများ ငါ့ထံသို့လာကြလော့၊ ငါသည် ချမ်းသာပေးမည်"

"ငါ့ထန်းပိုးကို ထမ်း၍ ငါ့အားမြည်းစမ်းကြလော့၊ အကြောင်းမူက ငါသည် သိမ်မွေ့ခြင်းရှိ၍၊ သင့်စိတ်နှလုံးကို ကျန်းမာစေမည်"

"အကြောင်းမူကား ငါ့ထန်းပိုးသည် ပေါ့၍၊ ငါ၏ဝန်ထုပ်သည်လည်း သယ်ရလွယ်၏" [၉]

သူဟာ အကောင်းဆုံးနဲ့ အဆိုးဆုံးအချိန်များမှာပင်လျှင် ကျွန်တော်တို့နဲ့အတူ ရှိပါတယ်။

ဘယ်သောအခါမှာ မပြောင်းလဲဘူးလို့လည်း ဂတိထားတော်မူပါတယ်။

ညီအကိုမောင်နှမများခင်များ၊ ဘုရားသခွင်ထံ ဆက်ကပ်တဲ့ နေရာမှာ ခက်ခဲတဲ့ကာလတွေကြောင့် ပြောင်းလဲသွားခြင်းမျိုးမရှိတဲ့ ဆက်ကပ်မှုနဲ့ လိုက်လျောက်ကြပါစို့။

ခက်ခဲမှ ဘုရားတတာမျိုး၊ ဒုက္ခကြုံမှ နိမ့်ချပြီး သူ့ကို ကိုယ်းစားတာမျိုး မလုပ်ကြပါစို့။

ကောင်းကင်ဘုံရှင်အဘ နဲ့ နီးကပ်အောင် အမြဲကြိုးစားကြပါစို့။

အဲဒီလိုပြုဖို့ရန် အမြဲဆုတောင်းဆက်ကပ်ရမှာ ဖြစ်ပါတယ်။

နေသာချိန် မိုးရွာချိန် ဖြစ်ပါစေ၊ သူ့ကို နာရီတိုင်းမှာ ကျွန်တော်တို့လိုအပ်ပါတယ်။

"သင့်အား မလဲကျစေရ၊ သင့်အားမစွန့်မပစ်" ဆိုတဲ့ သူ့ရဲ့ဂတိတော်ကို အမြဲသတိရကြပါစို့။ [၁၀]

စိတ်နှလုံးအကြွင်းမဲ့နဲ့ ဘုရားသခင် အသက်ရှင်တဲ့အကြောင်း၊ ကျွန်တော်တို့ကို ချစ်တဲ့အကြောင်း၊ တစ်ပါးတည်းသော သားတော်ဟာ ကျွန်တော်တို့အတွက် အသေခံခဲ့တဲ့အကြောင်းနဲ့၊ မှောင်မိုက်ဆိုးဝါးတဲ့အချိန်မှာပင် ယေရှုခရစ်တော်ရဲ့ ဧဝံဂေလိတရားတော်ရဲ့ အလင်းဟာ အမြဲလင်းနေတယ် ဆိုတာကို သက်သေခံပါတယ်။

ထာဝရတိုင်နာမတော်ဘုန်းကြီးပါစေသော်၊ ယေရှုခရစ်တော်၏ နာမဥ်၊ အာမင်။

**မှတ်ချက်များ**

၁။ ယေရမိမြည်တမ်းစကား ၈း၂၂။

၂။ ယောဘ ဝတ္ထု ၅း၇။

၃။ ယောဘ ဝတ္ထု ၁း၁။

၄။ ယောဘဝတ္ထု ၂း၉။

၅။ ယောဘ ဝတ္ထု ၁၆း၁၉။

၆။ ယောဘဝတ္ထု ၁၉း၂၅။

၇။ ယောရှုမှတ်စာ ၁း၅။

၈။ ဒတ်ဂလစ် မယ်လော့ "သစ်သားကောင်း"၊ စတာလင် ဒဗလျူ စီး၊ အကောင်းဆုံးဖြစ်အောင် စွမ်းဆောင်ခြင်း (၁၉၇၁) ၊ စာမျက်နှာ၂၃။

၉။ မဿဲ ၁၁း၂၈-၃၀။

၁၀။ ယောရှု မှတ်စာ ၁း၅။

# ကျွန်ုပ်တို့၏ကာလအတွက် သွန်သင်ချက်များ

လရဲ့ စတုတ္ထ မြောက် တနင်္ဂနွေနေ့များမှာ "ကျွန်တော်တို့အတွက် သင်ခန်းစာ" ကို ယဇ်ပုရောဟိတ်အဖွဲ့နဲ့ ဂရုဏာအဖွဲ့တို့မှာ အသီးသီးသင်ကြားပို့ချ သွားပါမယ်။

သင်ခန်းစာတိုင်းကို နောက်ဆုံးကျင်းပသွားတဲ့ ညီလာခံက ဒေသနာများကို ကိုးကာပြီးပြင်ဆင်နိုင်ပါတယ်။

ခရိုင်နဲ့နယ်မြေခံ ဥက္ကဋ္ဌများက ဘယ်ဒေသနာကို အသုံးပြုရမယ်ဆိုတာချမှတ်နိုင်သလို၊ ၎င်းရွေးချယ်ရမယ့်တာဝန်ကိုအသင်းအုပ်နဲ့ ဒေသခံဥက္ကဋ္ဌများထံလွှဲပြောင်းပေးနိုင်ပါတယ်။

ခေါင်းဆောင်များအနေနဲ့ ဒေသနာတစ်မျိုးတည်းကို ယဇပုရောဟိတ်အဖွဲ့နဲ့ ဂရုဏာအဖွဲ့ စည်းဝေးပွဲ တွေမှာ အသုံးပြုခြင်းရဲ့ အကျိုးကျေးဇူးကို ဦးစားပေးစဉ်းစားသင့်ပါတယ်။

လရဲ့ စတုတ္ထ မြောက် တနင်္ဂနွေရဲ့ သင်းခန်းစာများမှာ ပါဝင်သူတိုင်းကို ကြိုတင်လေ့လာမှုများပြုပြီး၊ အထွေထွေညီလာခံရဲ့ နောက်ဆုံးထုတ်မဂ္ဂဇင်းကို ယူဆောင်လာရန် တိုက်တွန်းပါ။

**ဝေငှ သွားတဲ့ ဒေသနာများကို ကိုးကားပြီး သင်ခန်းစာပြင်ဆင်ရာတွင် သုံးဝင်သည့်အရာများ**

ဒေသနာကိုလေ့လာပြီးသင်ကြားတဲ့အခါ သန့်ရှင်းသော ဝိညာဉ်တော်ပါရှိအောင်ဆုတောင်းပါ။

သင်ခန်စာအတွက်ပြင်ဆင်ရာတွင် အခြားစာစောင်များကို သုံးရန်သင့်တော်သကဲ့သို့ရှိသော်လည်း ညီလာခံပါဒေသနာများကိုသာ အသုံးပြုသင့်သည်။

နောက်ဆုံးပြုလုပ်သော အထွေထွေညီလာခံပါဒေသနာများကို အသုံးပြု၍ သင်ကြားပို့ချရာတွင် သင်၏အကြီးမားဆုံးတာဝန်မှာ အခြားသူများ ဇိဝေလိ တရားတော်ကိုလိုက်လျောက်အသက်ရှင်ရန်အတွက် တိုက်တွန်းအားပေးရန်ဖြစ်သည်။

ဒေသနာများကို ထပ်မံတလဲလဲဖတ်ရှုပြီး အတန်းသားများ၏လိုအပ်ချက်များကို သင်ကြားနိုင်ရန်အတွက် ဒေသနာပါပညတ်တော်များ၊ ဆုံးမသြဝါဒများကို မှတ်သားထားပါ။ ဤသမ္မာတရားကို သွန်သင်ရာတွင် အထောက်အကူပြုမည့် ဒေသနာပါ ပုံပြင်များ၊ ကျမ်းကိုးကားချက်များနှင့် အဆိုများကို လည်းမှတ်သားထားပါ။

ပညတ်တော်များနှင့် ဆုံးမသြဝါဒများကို မည်သို့ ပို့ချမည်ကို ကြိုတင်ပြင်ဆင်ပါ။


အတန်းသားများကို အထောက်အကူဖြစ်စေမည့် မေးခွန်းများကိုလည်း ထည့်သွင်းစဉ်းစားရမည်။

- ဒေသနာများပါ ပညတ်တော်များနှင့် ဆုံးမသြဝါဒများကို ရှာဖွေပါ။
- ၎င်းတို့၏ အဆိုအမိပ္ပါယ်များကို စဉ်းစားကြည့်ပါ။
- မိမိနားလည်မှု၊ အတွေးအခေါ်၊ အတွေ့အကြုံနှင့် သက်သေခံချက်များကို ဝေငှပါ။
- ဤပညတ်တော်များ နှင့် ဆုံးမသြဝါဒများကို သူတို့အသက်တာနှင့် နိုင်းယှဉ်ဖေါ်ပြပါ။

| **လစဉ် သင်ခန်းစာများ သွန်သင်ထားသည်** | **စတုတ္ထမြောက် တနင်္ဂနွေနေ့တွင် သင်ကြားရမည့် စာစောင်များ** |
|---|---|
| အောက်တိုဘာလ ၂၀၁၃-ဧပြီလ ၂၀၁၄ | အောက်တိုဘာ ၂၀၁၃တွင် ကျင်းပသော အထွေထွေညီလာခံ၌ ဝေငှထားသော ဒေသနာများ* |
| ဧပြီလ ၂၀၁၄-အောက်တိုဘာလ ၂၀၁၄ | ဧပြီလ ၂၀၁၄တွင် ကျင်းပသော အထွေထွေညီလာခံ၌ ဝေငှထားသော ဒေသနာများ * |

** ဧပြီ နှင့် အောက်တိုဘာလ များ၏ စတုတ္ထမြောက်တနင်္ဂနွေနေ့အတွက်သင်ခန်းစားများကို နောက်ဆုံးပြုလုပ် သော ညီလာခံ၏ ဒေသနာများကို conference.lds.org. မှကောက်နှုတ်ယူပါ။ ဒေသနာများကို ဘာသာစကား ပေါင်းများစွာဖြင့် ရယူနိုင်ပါသည်။*

© 2013 Intellectual Reserve, Inc အားဖြင့် မှတ်ပုံတင်ပြီး မူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန် ပြည်ထောင်စုတွင် ပုံနှိပ်ထုပ်ဝေသည်။ အင်္ဂလိပ်ဘာသာ ခွင့်ပြုချက်၊ 6/12။ ဘာသာပြန်ခွင့်ပြုချက် 6/12။ *First Presidency Message, November 2013 အားဘာသာပြန်ဆိုခြင်း၊* Burmese 10671 256



ဟောကြားသူ၊
ဥက္ကဋ္ဌ ဒီတာ အက်ဖ် ဥဒ္ဒေါ့
ပထမ ဥက္ကဋ္ဌ အဖွဲ့ဝင် ဒုတိယ အတိုင်ပင်ခံ

# လာ၍ကျွန်ုပ်တို့နှင့်အတူရှိလော့

ဘယ်လိုအခြေအနေမျိုးမှာ ရှိနေပါစေ၊ ဘယ်လိုသမိုင်းရှိနေပါစေ၊ ဘယ်လိုယုံကြည်ခြင်းမျိုးရှိနေပါစေ၊ ဒီအသင်းတော်မှာ သင့်အတွက်နေရာရှိပါတယ်။

တခါက အိမ်မက်ထဲမှာ တစ်ကမ္ဘာလုံးမှာရှိတဲ့ ဘာသာအားလုံးခန်းမဆောင်တစ်ခုမှာတွေ့ကြတာကို မက်ခဲ့တဲ့ လူတစ်ယောက်ရှိခဲ့ပါတယ်။

ဘာသာတိုင်းမှာ တကယ်ပဲကောင်းတဲ့ သွန်သင်ချက်တွေရှိနေတာကို သူသတိထားမိပါတယ်။

ဒါနဲ့ ယေရှုခရစ်တော်ရဲ့ နောက်ပိုင်းကာလ သူတော်စင်များ အသင်းတော် ကိုကိုယ်စားပြုတဲ့ ဇနီးမောင်နှံ ကိုသူတွေ့မိပါတယ်။ "သင်တို့ရဲ့ အသင်းတော်ဝင်ဖြစ်ဖို့ ဘာလိုအပ်သလဲ လို့မေးလိုက်ပါတယ်။"

"လိုအပ်ချက်တစ်ခုမှ မရှိပါဘူး" လို့ ဇနီးမောင်နှံကဖြေပါတယ်။ "ဒါပေမယ့် ဘုရားသခင်က ကျွန်တော်တို့မှာ ရှိတဲ့ အရာအားလုံးကို ခွဲခန့်ထားဖို့ လိုအပ်တယ်" လို့ပြောပြန်ပါတယ်။

ဒါနဲ့ ဇနီးမောင်နှံကလည်း အသင်းတော်ရဲ့ တာဝန်တွေ၊ မိသာဟာရပြုခြင်းတွေ၊ သာသနာပြုလုပ်ငန်းတွေ၊ အပတ်စဉ် မိသားစုအစည်းအဝေးတွေ၊ ဗိမ္မာန်တော်အကြောင်းတွေ၊ လူမှုဖူလုံရေးလုပ်ငန်းတွေ အကြောင်းကို ရှင်းပြခဲ့ပါတယ်။

ဒါနဲ့အဲဒီလူက "ဒီအလုပ်တွေလုပ်တဲ့အတွက် အသင်းတော်က ပိုက်ဆံပေးပါသလား" လို့မေးပါတယ်။

"အိုး၊ မပေးပါဘူး" လို့ ဇနီးမောင်နှင့်က ပြန်ဖြေပါတယ်။ "သူတို့စေတနာနဲ့ ပဲကူညီတယ်လို့" ပြောခဲ့ပါတယ်။

ပြီးတော့ခြောက်လတစ်ခါ အသင်းသူအသင်းသားတွေက အထွေအထွေညီလာခံကို တက်ပြီး ၁၀နာရီကျော်လောက် ဒေသနာနားထောင်တယ်လို့ ရှင်းပြပါတယ်။

" ဆယ်နာရီတောင် ကြာအောင် ဒေသနာဝေငှတယ် ဟုတ်လား" ဆိုပြီး ထိုလူကမေးပါတယ်။

"သင့်တို့ရဲ့ အပတ်တိုင်းအစီအစဉ်ရော ဘယ်နှစ်နာရီကြာလဲ" လို့မေးပြန်ပါတယ်။

"တနင်္ဂနွေနေ့တိုင်း သုံးနာရီကြာတယ်"

"မလွယ်ပါလား" "

အသင်းသူအသင်းသားတွေကရော တကယ်ပဲ လိုက်နိုင်ကြရဲ့လား" လို့ ထိုလူကပြောပါတယ်။

အဲဒါထက်တောင် များသေးတယ်လို့ ဇနီးမောင်နှံ က ဆိုပါတယ်။

မိသားစုသမိုင်း၊ လူငယ်အစည်းအဝေး၊ ဆုတောင်းခြင်းအစီအစဉ်၊ ကျမ်းစာဖတ်ခြင်း၊ ခေါင်းဆောင်မှု သင်တန်း၊ လူငယ်အစီအစဉ်၊အာရုံဦး ကျမ်းစာသင်တန်း၊ အသင်းတော် အဆောက်အဦးကို ထိန်းသိမ်းခြင်းနဲ့ ဆယ်ဖို့တစ်ဖို့ အပါအဝင် တစ်လတစ်ခါလှူတဲ့ အစာရှောင်အလှူငွေဆိုတာလည်း ရှိသေးတယ်လို့ပြောလိုက်ပါတယ်။

ထိုလူက "ဒီလို အသင်းတော်မျိုးကို ဘယ်သူဝင်ချင်မှာလဲ" လို့မေးပါတယ်။

ဇနီးမောင်နှံကလည်း ပြုံးပြီး၊ "ဒီမေးခွန်း မေးများမေးပွဲမလားလို့ စိုးရိမ်နေမိတယ်" လို့ ဆိုခဲ့ပါတယ်။

ဒီလို အသင်းတော်မျိုးကို ဘယ်သူ ဝင်ချင်မှာလဲ?

များစွာသောအသင်းတော်များအနေနဲ့အသင်းဝင်ဦးရေအင်မတန်နိမ့်ဆင်းသွားနေချိန်မှာ၊ ယေရှုခရစ်တော်၏ နောက်ပိုင်းကာလ သူတော်စင်များ အသင်းတော်ဟာ ငယ်သေးတဲ့အသင်းတော်မှန်ပေမယ့် တစ်ကမ္ဘာလုံးမှာ တိုးတက်မှုအားအကောင်းဆုံးဖြစ်ပါတယ်။

စက်တင်ဘာလ ၂၀၁၃ မှာ တော့ အသင်းဝင်ဦးရေ ၁၅ သန်းကျော်သွားပါပြီ။

အဲဒီလို တိုးပွါးရခြင်းအကြောင်းရင်းများစွာရှိပါတယ်၊ သို့သော် အနည်းကိုသာရှင်းပြသွားပါ့မယ်။

ကယ်တင်ရှင်၏ အသင်းတော်

ပထမအနေနဲ့၊ ဒီအသင်းတော်ကိုယေရှုခရစ်တော်ကိုယ်တိုင် ပြန်လည်တည်ထောင်ထားတာဖြစ်တယ်။

ဒီအသင်းတော်မှာ သူ့ရဲ့နာမအားဖြင့် နှစ်ခြင်းခံခွင့်၊ ဝိညာဉ်တော်သွန်းလောင်းခွင့်နဲ့၊ ကောင်းကင်နဲ့မြေကြီးပေါ်မှာ အတည်ပြုချည်နှောင်သောအခွင့် စတဲ့အခွင့်အာဏာများကို သင်တွေ့ရပါမယ်။ [၁]

ဒီအသင်းတော်ကို ဝင်ရောက်လာသူတိုင်းက ကယ်တင်ရှင် ယေရှုခရစ်တော်ကို ချစ်ပြီးနောက်တော်ကို လိုက်လိုကြပါတယ်။

ဘုရားသခင်က လူတွေကိုတဖန်ဗျာဒိတ်ပေးဆက်သွယ်ပြီဖြစ်ကြောင်းကို အသင်းဝင်တွေ အသိဖြစ်ပါတယ်။

ယဇ်ပုရောဟိတ်နဲ့ပါတ်သက်တဲ့ ဘိသိတ်မင်္ဂလာတရားများကို လက်ခံပြီး၊ ဘုရားနဲ့ ဂတိပြုတဲ့အခါ၊ သူတို့ရဲ့ အသက်တာမှာ ဘုရားသခင်ရဲ့ တန်ခိုးကို ခံစားရပါတယ်။ [၂]

သန့်ရှင်းတဲ့ ဗိမ္မာန်တော်ကို ဝင်တဲ့အခါမှာလည်း ဘုရားသခင်ရဲ့ မျက်မှောက်တော်ကို ခံစားရကြရပါတယ်။

သမ္မာကျမ်းစာကို ဖတ်ပြီးတော့ ဘုရားသခင်ရဲ့ပုရောဖက်စကားကို နာခံတဲ့အခါမှာ ကယ်တင်ရှင်နဲ့ သာ၍ နီးကပ်ခွင့် ရကြပါတယ်။ [၃]

တက်ကြွသော ယုံကြည်ခြင်း

တခြားအကြောင်းတစ်ခုကတော့၊ အသင်းတော်က အသင်းဝင်များကောင်းမှု ပြုနိုင်အောင် အခွင့်အလန်း ဖန်တီးထားပါတယ်။

ဘုရားသခင်ကို ယုံကြည်ဖို့တိုက်တွန်းတာကောင်းပါတယ်၊ သို့သော်များစွာသောသူတို့ဟာ ဒေသနာကို ကြားရုံသာမက လက်တွေ့လုပ်ဆောင်ချင်ကြပါတယ်။ [၄]

ယုံကြည်ခြင်းကို လက်တွေ့ အသုံးချလိုကြတယ်။

အင်္ကျီလက်ကို ခေါက်ပြီးတော့ အမှုတော်မှာ တကယ်ပါဝင်ချင်ကြတယ်။

အသင်းတော်ကို ပါဝင်တဲ့အခါ သူတို့မှာ အတတ်ပညာ၊ ဝါသနာနဲ့ အချိန်တွေကို ကောင်းမှုပြုတဲ့နေရာမှာ အသုံးချခွင့်ရကြပါတယ်။

ကျွန်တော်တို့အသင်းတော်မှာ သာသနာပြုတဲ့နေရာမှာ ဘယ်သူမှ အခကြေးငွေမရတဲ့ အတွက် ကမ္ဘာတစ်ဝှမ်းမှာရှိတဲ့ အသင်းသူအသင်းသားများက စေနာနဲ့သာ လုပ်ဆောင်နေကြတာ ဖြစ်ပါတယ်။

သူတို့ကို ဆုတောင်းခြင်းဖြင့်တာဝန်ပေးထားတာဖြစ်ပါတယ်။

တစ်ခါတစ်ခါမှာ စေတနာစိတ်နဲ့ လုပ်တာဖြစ်ပြီး၊တခါတလေကျတော့ စေတနာအာဏာနဲ့ လုပ်ရတာဖြစ်ပါတယ်။

ကျွန်တော်တို့ကို ပေးအပ်ထားတဲ့တာဝန်တွေကို ဝန်ထုပ်လိုမမြင်ပဲ၊ ဘုရားသခင်ရဲ့ သားသမီးများကို အစေခံနိုင်တဲ့ အခွင့်ထူးတစ်ရပ်အဖြစ် သဘောထားပါတယ်။

တန်ဖိုးကြီးမားတဲ့ ကောင်းကြီးမင်္ဂလာများ

လူတွေကို အသင်းတော်ကိုဝင်တဲ့အကြောင်း တတိယအချက်ကတော့၊ တပည့်တော်များ လျှောက်ရာလမ်းဟာ အဆုံးမှာ ကြီးမားတဲ့ ကောင်းကြီးမင်္ဂလာနဲ့ ပြည့်နေတတ်ပါတယ်။

နစ်ခြင်းမင်္ဂလာခံယူခြင်းဟာ တပည့်တော်များလျှောက်ရာလမ်းရဲ့ အစဖြစ်ပါတယ်။

ယေရှုခရစ်တော်နဲ့ နေ့စဉ်လျှောက်လှမ်းတဲ့အခါ ပျော်ရွှင်ခြင်းနဲ့ ဘဝရဲ့ အနှစ်သာရကို ခံစားရပြီး၊ နောင်ဘဝအတွက် ထာဝရအသက်ကိုလည်း ပေးပါတယ်။

ဒီလမ်းကို သစ္စာရှိစွာလျှောက်သူများအနေနဲ့ ဘဝရဲ့ နာကျင် ကြေကွဲစရာ များကို ရှောင်လွှဲနိုင်ပါတယ်။

စိတ်နှလုံးကြေကွဲ ပြီးရိုးဆင်းတဲ့ နှလုံးသားများအတွက် ဘဏ္ဏာတိုက်တဖွယ် များပြားတဲ့ ဗဟုသုတ တွေကိုတွေ့ရှိနိုင်ပါတယ်။

ဝမ်းနည်းမှုကို ကြုံနေရတဲ့သူများလည်း ငြိမ်သက်ခြင်းကို ဒီလမ်းမှာတွေ့နိုင်ပါတယ်။

အပြစ်ကြောင့်ဝန်လေးနေတဲ့သူတွေဟာလည်း ခွင့်လွှတ်ခြင်း၊ လွတ်လပ်ခြင်းနဲ့ ငြိမ်သက်ကို တွေ့ခွင့်ရပါတယ်။

စွန့်ခွါသောသူများအတွက်

သမ္မာတရားကို ရှာဖွေရင်း မီလျံပေါင်းများစွာဟာ ယေရှုခရစ်တော်၏နောက်ပိုင်းကာလ သန့်ရှင်းသူများအသင်းတော်ကို ဝင်ရောက်လာကြသလို၊ အသင်းသူအသင်းသားများစွာဟာလည်း အသင်းကို ထားရစ်ခဲ့ကြပါတယ်။

ဇဝံဂေလိတရားတော်ဟာ တကယ်ပဲကောင်းမြတ်နေတယ်ဆိုရင် ဘာကြောင့် စွန့်ခွါတဲ့သူရှိရတာလဲ လို့ မေးကောင်းမေးနိုင်ပါတယ်။

တခါတလေမှာ လူတွေစွန့်ခွါသွားရခြင်း အကြောင်းက စိတ်ကောက်လို့၊ ပျင်းလို့၊ ဒါမှမဟုတ် အပြစ်ရှိလို့ဆိုပြီး ထင်တတ်ကြပါတယ်။

အမှန်တော့ အဲဒီလို မဟုတ်ပါဘူး။

တကယ်တော့ အခြေအနေအားလုံးကို ခြုံငုံတဲ့ တစ်ခုတည်းသောအကြောင်းပြချက် ဆိုတာ မရှိပါဘူး။

ကျွန်တော်တို့ ချစ်ရတဲ့ အသင်းဝင်တစ်ချို့ဟာဆိုရင်ဖြင့် အသင်းတော်ကို စွန့်ခွါရမလားဆိုတဲ့ အတွေးကို နှစ်များစွာရှိခဲ့ကြပါပြီ။

လူငယ်လေးတစ်ယောက်ရဲ့ ဆုတောင်းမေးမြန်းခြင်းကလာတဲ့ ဒီအသင်းတော်မှာ တကယ်ပဲ သမ္မာတရားကို ရှာလိုသူအတွက် ကိုယ်ပိုင်လွတ်လပ်ခွင့် အပြည့်အဝရှိပါတယ်။

သူတို့ အနေနဲ့ သင်းတော်ကို စွန့်ခွါတဲ့အခါ ကျွန်တော်တို့ ဝမ်းနည်းရတာမှန်ပေမယ့်၊ သူတို့ရဲ့ လွတ်လပ်ပိုင်ခွင့်နဲ့ ဘုရားသခင် လွတ်လပ်စွာ ကိုးကွယ်ပိုင်ခွင့်ကိုတော့ ကျွန်တော်တို့ လေးစားပါတယ်။[၅]

အဖြေမဲ့သော မေးခွန်းများ

တစ်ချို့က အတိတ်ကဖြစ်ပျက်ခဲ့တဲ့အရာတွေအပေါ် အဖြေမရှိတဲ့ မေးခွန်းတွေကြောင့် စိတ်မသာ ညည်းတွား တတ်ပါတယ်။

အမှန်အတိုင်းပြောရမယ်ဆိုရင်ဖြင့် နှစ်၂၀၀ ကျော်တည်ခဲ့ပြီး၊ ရှိသေလေးမြတ်ဖွယ် အဖြစ်အပျက် အပါအဝင် သန့်ရှင်းသော ဝိညာဉ်တော်ရဲ့ လမ်းပြမှုကို အဆက်မပြတ်ရခဲ့တဲ့ ဒီအသင်းတော်ရဲ့ သမိုင်းတစ်ချို့ကတော့ လူတစ်ချို့အတွက်နားလည်ရခက်မှာပါ။

တစ်ခါတလေမှာတော့ မေးခွန်းဆိုတာ ကျွန်တော်တို့မှာ လုံလောက်တဲ့ သတင်းအချက်အလက်မရှိတဲ့အပြင် သည်းခံမှု မဲ့ နေတဲ့အတွက် ရှိတတ်တာပါ။

သမ္မာတရားအားလုံးကို ဘုရားသခင် တနေ့ ဖွင့်ပြတဲ့အခါ၊ ကိုယ်နားမလည်တဲ့အရာအားလုံး ရှင်းလင်းသွားမှာပါ။

တခါတခါမှာရှိတဲ့ သတင်းအချက်အလက်တွေရဲ့ အဓိပ္ပါယ်ကိုလည်း အမျိုးမျိုးကွဲပြားစွာ နားလည်ထားတတ် ကြပါတယ်။

တစ်ချို့အတွက် သံသယဖြစ်စေတတ်တဲ့ မေးခွန်းတွေဟာ၊ သေချာလေ့လာမှုပြုသူတစ်ချို့အတွက် ယုံကြည်ခြင်းတိုးပွါးစရာဖြစ်တတ်ပါတယ်။

မပြည့်စုံသော လူသားများရဲ့ အမှားများ

ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် အသင်းဝင်တစ်ချို့နဲ့ အသင်းတော်ခေါင်းဆောင်တစ်ချို့က အမှားလုပ်ခဲ့မိတာတွေရှိပါတယ်။

ကျွန်တော်တို့ရဲ့ တန်ဖိုး ၊ အစဉ်အလာ၊ သွန်သင်ချက်များနဲ့ မကိုက်ညီတဲ့အရာတွေကိုလည်း လုပ်ဆောင် ပြောခဲ့တဲ့ အချိန်တွေရှိခဲ့ပါတယ်။

ပြီးပြည့်စုံတဲ့လူတွေသာ အသင်းတော်မှာရှိတယ်ဆိုရင် အသင်းတော်ဟာ ပြည့်စုံမှာပေ့ါ။

ဘုရားသခင်ဟာ ပြည့်စုံတယ်၊ သူ့ရဲ့ တရားတော်ဟာ စင်ကြယ်တယ်။

ဒါပေမယ့် မပြည့်စုံတဲ့လူသားဖြစ်တဲ့ ကျွန်တော်တို့ လုပ်ဆောင်တဲ့ နေရာမှာ အမှားတစ်ချို့ရှိနေ တတ်ပါတယ်။

မော်မွန်ကျမ်းရဲ့ ကနေဦး စာမျက်နှာမှာတော့ “အမှားများရှိခဲ့မှုကား လူပြုသောအမှားဖြစ်၍ ဘုရားသခင်၏ တရားတော်ကိုမကျိန်ဆဲလေနှင့်၊ သို့ပြုလျှင် တရားစီရာနေ့၌ သင်သည် အပြစ်လွတ်လိမ့်မည်။” ရေးထားပါတယ်။[၆]

ခရစ်တော်ကိုယ်တိုင် ဤလောကကို အုပ်စိုးတဲ့အချိန်ထိတော့ မပြည့်စုံမှုတွေရှိနေအုံးမှာပါ။

လူပြုတဲ့ အမှားတွေကြောင့် တစ်ချို့ကလဲကျသွားတာဟာ မကောင်းတဲ့အရာတစ်ခုပါ။

သို့တိုင်အောင် ယေရှုခရစ်တော်၏ နောက်ပိုင်းကာလ သန့်ရှင်းသူများအသင်းတော်မှာ ရှိတဲ့ သမ္မာတရားဟာ အမြဲတည်နေဆဲပါ။

ယေရှုခရစ်တော်ရဲ့ တမန်တော်တစ်ပါးအနေနဲ့၄င်း၊ ဒီအသင်းတော့်ရဲ့ အမှုတော်လုပ်ငန်းကို ကိုယ်တိုင် သိရှိရတဲ့သူတစ်ယောက်အနေနဲ့၄င်း၊ အသင်းသူအသင်းသားများအတွက်လေးနက်တဲ့ ဆုံးဖြတ်ချက်များကို ဆုတောင်းခြင်းမပါပဲ၊ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ လမ်းပြမှုမပါပဲ၊ ဘယ်သောအခါ မှ အသင်းတော်က မပြုတဲ့အကြောင်း သက်သေခံလိုပါတယ်။

ဒီအသင်းတော်ဟာ ယေရှုခရစ်တော်ရဲ့ အသင်းတော်ဖြစ်ပါတယ်။

သူ့ရဲ့အသင်းတော်ကို လမ်းမှားသွားအောင်၊ ထာဝရတရားမှာ လွဲသွားအောင် ဘုရားသခင် ခွင့်ပြုမှာ မဟုတ်ပါဘူး။

သင့်အတွက် နေရာရှိပါတယ်။

အသင်းတော်ကို စွန့်ခွါသွားသူတွေကို ပြောချင်တာကတော့၊ မိတ်ဆွေတို့အတွက် နေရာရှိပါတယ်။

ကျွန်တော်တို့နဲ့ အတူ သင့်ရဲ့ ပညာ၊ ဘုရားရဲ့ လက်ဆောင်နဲ့ ခွန်အားကို အသုံးပြုကြပါ။

အဲဒီလိုအားဖြင့် ကျွန်တော်တို့အားလုံး တည်ဆောက်စရာဖြစ်လာပါလိမ့်မယ်။

“ကျွန်တော့်ရဲ့ သံသယတွေရောဘယ်လိုလုပ်မလဲ” လို့ မေးကောင်းမေးနိုင်ပါတယ်

မေးခွန်းရှိတာ သဘာဝပါ၊ သိလိုစိတ်အားကြောင့် လေ့လာမှတ်ယူတဲ့အခါ နားလည်မှုကို ရယူနိုင်ပါတယ်။

လေးနက် အရေးပါတဲ့ မေးခွန်းတွေနဲ့မကြုံတွေ့ခဲ့ရတဲ့ အသင်းဝင် အနည်းငယ်ရှိပါတယ်။

အသင်းတော်ရဲ့ ရည်ရွယ်ချက်တစ်ခုကတော့ သံသယပြည့်နေတဲ့ နှလုံးသားမှာပင် ယုံကြည်ခြင်းမျိုးစေ့ကို စိုက်ပေးဖို့ဖြစ်ပါတယ်။

ယုံကြည်ခြင်းဆိုတာမမြင်ရသော်လည်း မှန်သောအရာများကို မျော်လင့်ခြင်းဖြစ်ပါတယ်။[၇]

ဒါကြောင့် ၊ ချစ်ရပါသော ညီအကို မောင်နှမများ၊ မိတ်ဆွေများ၊ သင်၏ယုံကြည်ခြင်းကို သင်သံသယစိတ်မဖြစ်ခင် သင်၏သံသယစိတ်ကို ရှေးဦးစွာသံသယရှိကြပါ။[၈]

သခင်ယေရှုခရစ်တော်ကနေလာတဲ့မေတ္တာ၊ ငြိမ်သက်ခြင်းနဲ့ ဆုကျေးဇူးတွေနဲ့ လွဲသွားစေနိုင်တဲ့ သံသယစိတ်ရဲ့ ချုပ်နှောင်မှုက လွတ်မြောက်အောင်ကြိုးစားရမှာ ဖြစ်ပါတယ်။

"တစ်ချို့က အသင်းဝင်တွေနဲ့မရောနှောတတ်ဘူး" လို့ပြောတတ်ကြပါတယ်။

အသင်းဝင်တွေရဲ့ နှလုံးသားကိုသာ သင်မြင်နိုင်မယ်ဆိုရင် သင့်ကို နွေးထွေးစွာ ဖိတ်ခေါ်နေတာကို သင်နားလည်လာပါလိမ့်မယ်။

သင့်လိုပဲကျွန်တော်တို့မှာလည်း တောင့်တမှု၊ ရှန်းကန်မှုနဲ့ မျော်လင့်ခြင်းတွေရှိပါတယ်။

သင့်ရဲ့ နောက်ကြောင်းနဲ့ ရှင်သန်မှုဟာ နောက်ပိုင်းကာလ သူတော်စင်များနဲ့ မတူဘူးလို့ သင်ထင်မိပါလိမ့်မယ်၊ ဒါဟာလည်းကောင်းတဲ့ အရာတစ်ခုပါ။

ညီအကို မောင်နှမများနဲ့ မိတ်ဆွေများ၊ သင့်ရဲ့ ထူးခြားတဲ့ အတတ်ပညာ ထင်မြင်ချက်တွေကို ကျွန်တော် တို့ အထူးလိုအပ်ပါတယ်။

ကွဲပြားခြားနားတဲ့ ပင်ကိုယ်အရည်အသွေးဟာဆိုရင် ကမ္ဘာအနှံ့မှာပြန့်နေတဲ့ အသင်းတော်ရဲ့ ခွန်အားဖြစ်ပါတယ်။

"အသင်းတော်ရဲ့ စံချိန်အတိုင်းအသက်ရှင်နိုင်မယ်မထင်ဘူး" လို့တစ်ချို့ကပြောတတ်ပါတယ်။

ဒီအရာကြောင့် ပိုပြီးတော့တောင်အသင်းဝင်ဖြစ်သင့်ပါတယ်။

အသင်းတော်ရဲ့ တာဝန်က မပြည့်စုံတဲ့သူ၊ ရှန်းကန်နေတဲ့သူ၊ နဲ့ မောပန်းနေတဲ့သူကို ပြုစုပျိုးထောင် ဖို့ဖြစ်ပါတယ်။

အသင်းတော်ဟာ မပြည့်စုံသော်လည်း ပညတ်ချက်များကို ထိန်းသိမ်းလိုတဲ့ လူတွေနဲ့ ပြည့်နေပါတယ်။

"တစ်ချို့ကသင့်ရဲ့အသင်းဝင်တစ်ယောက် အကျင့်မကောင်းသူတစ်ဦးကို သိတယ်။ သူ့လိုလူမျိုးရှိတဲ့ အသင်းတော်မှာ မဝင်ချင်ဘူး" လို့ ပြောကောင်းပြောနိုင်ပါတယ်။

မိမိယုံကြည်ချက်အတိုင်းအသက်မရှင်နိုင်တဲ့သူကို အကျင့်ပျက်တယ်လို့ယူဆရင် ကျွန်တော်တို့အားလုံး ဟာ အကျင့်ပျက်တဲ့သူတွေဖြစ်ကြလိမ့်မယ်။

ကျွန်တော်တို့ဘယ်သူမှ ခရစ်တော်ကဲ့သို့ ဖြစ်ရမည်ဖြစ်သော်လည်း မလိုက်လျှောက်နိုင်ကြသေးပါဘူး။

သို့သော်ကျွန်တော်တို့ရဲ့ အမှားတွေ၊ အပြစ်ကျူးလွန်လိုစိတ်တွေကို အောင်မြင်ကျော်လွှားချင်ကြပါတယ်။

ခရစ်တော်ရဲ့ ရွေးနုတ်တော်မူခြင်းတရားနဲ့ အတူ သာ၍ကောင်းသောသူများဖြစ်လာဖို့ ကျွန်တော်တို့ မှာ အလွန်ဆန္ဒရှိပါတယ်။

သင့်မှာ ဒီလိုဆန္ဒရှိတယ်ဆိုရင် ဘယ်လိုအခြေအနေမဆို၊ ဘယ်လိုသမိုင်းရှိခဲ့သည် ဖြစ်စေ၊ ဘယ်လောက်ပင် ယုံကြည်ခြင်းအားနည်းသည်ဖြစ်စေ၊ အသင်းတော်မှာသင့်အတွက် နေရာရှိပါတယ်။ ကျွန်တော်တို့နဲ့အတူ လာပါဝင်ပါ။

ကျွန်တော်တို့နဲ့ အတူ လာပါဝင်ပါ။

ပြည့်စုံခြင်းမရှိသော်လည်း၊ ဤအသင်းတော်မှာ လောကမှာရှိတဲ့ သူများထက်သာ၍ ကောင်းသောသူများကို တွေ့နိုင်ပါတယ်။

ယေရှုခရစ်တော်ရဲ့ အသင်းတော်ဟာကြင်နာတတ်သူ၊ ပြုစုတတ်သူ၊ ရိုးသားပြီး ကြိုးစားသောသူ တွေနဲ့ ပြည့်နေပါတယ် ။

ဒီအသင်းတော်မှာ ပြည့်စုံလူသားကို ရှာမယ်ဆိုရင်တော့ သင့် စိတ်ပျက်သွားပါလိမ့်မယ်။

သို့သော် ခရစ်တော်၏ စစ်မှန်တဲ့ သွန်သင်ချက်နဲ့ "ဖျားနာသောဝိညာဉ်ကိုကျန်းမာစေတဲ့"[၉] ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်၊ သန့်ရှင်းစင်ကြယ်စေသော သန့်ရှင်းသော ဝိညာဉ်တော်ကို ရှာချင်တယ်ဆိုရင်တော့ ဒီအသင်းတော်မှာ သင်တွေ့နိုင်ပါတယ်။

ယုံကြည်ခြင်း ပျောက်ကွယ်နေတဲ့ ယနေ့ခေတ်မှာ၊ ကောင်းကင်နဲ့ဝေးရာကို သွားနေတဲ့ ယနေ့ခေတ်မှာ၊ ကယ်တင်ရှင်နဲ့အလွန်နီးကပ်ချင်တဲ့ ၊ သင်နဲ့သူတစ်ပါးကို အစေခံခြင်းဖြင့် ဘုရားသခင်ကို အစေခံလိုတဲ့ လူသားတွေကို ဒီအသင်းတော်မှာ သင်တွေ့နိုင်ပါတယ်။

ကျွန်တော်တို့နဲ့ အတူ လာပါဝင်ပါ။

သင်ရော ဝေးရာကို သွားလေမလား

ကယ်တင်ရှင်လောကမှာရှိတုန်းကလည်း လူအများက သူ့ကို ပစ်သွားကြပါတယ်။[၁၀]

သူ့ရဲ့တပည့်တော်တစ်ဆယ့်နှစ်ပါးကို သူ မေးပါတယ်၊

"သင်ရော ဝေးရာကို သွားလေမလား"

ပေတရုကလည်း၊ သခင် အဘယ်သူထံသို့ ကျွန်ုပ်တို့ သွားအံ့နည်း။ သခင်၌ ထာဝရအသက်နှင့် ဆိုင်သော နှုတ်ကပတ်တော်ရှိ၏လို့ ဆိုခဲ့ပါတယ်။[၁၁]

ဘဝမှာလည်း ဒီမေးခွန်းကို ဖြေရမယ့် အချိန်တွေရှိပါတယ်။

သင်ရောဝေးရာကို သွားလေမလား၊ ဒါမှမဟုတ် ပေတရုလိုပဲ ထာဝရအသက်နဲ့ ဆိုင်တဲ့ နုတ်ကပတ် တော်ကို စွဲမြဲစွာ ကိုင်ထားမလား။

သမ္မာတရားကိုငှင်း၊ အဓိပ္ပါယ်ကိုငှင်း၊ ယုံကြည်ခြင်းကို လက်တွေ့ချဖို့ငှင်း၊ မိမိကိုယ်ပိုင်ဆိုင်တဲ့နေရာတစ်ခုကို ငှင်း ရှာနေတယ်ဆိုရင် ကျွန်တော်တို့နဲ့ အတူ လာပါဝင်ပါ။

သင့်ရဲ့ ယုံကြည်ခြင်းကို စွန့်ခွါခဲ့ပြီးသည့်တိုင်၊ ပြန်လာပြီး ကျွန်တော်တို့နဲ့အတူပါဝင်ပါ။

လက်လျော့အဆုံးပေးဖို့ ပြင်နေတယ်ဆိုရင် ဆက်ပြီးကြိုးစားပါ၊ သင့်အတွက်နေရာရှိပါတယ်။

ကျွန်တော်ပြောတဲ့အရာတွေကို ကြားသူ၊ ဖတ်သူတွေကို အနူးအညွတ်တောင်းပန်ရင်း၊ ကျွန်တော်တို့ နဲ့က လာပါဝင်ဖို့ ဖိတ်ခေါ်ပါတယ်။

ခရစ်တော်ရဲ့ နူးညံ့တဲ့ခေါ်သံကို နားဆင်ပါ။

ကားတိုင်ကိုထမ်း၍ ငါ့နောက်သို့ လိုက်ကြလော့။[၁၂]

ကျွန်တော်တို့နဲ့အတူလာပါဝင်ပါ၊ တန်ဖိုးဖြတ်မရအောင် ထူးမြတ်တဲ့ဆုကျေးဇူးခံစားရလိမ့်မယ်။

ဒီအသင်းတော်မှာ ထာဝရအသက်နဲ့ ဆိုင်တဲ့ နှုတ်ကပတ်တော်၊ ရွေးနုတ်ကယ်တင်ခြင်းနဲ့ ပျော်ရွှင်ခြင်းလမ်းစကိုသင်ရှာဖွေတွေ့ရှိရပါလိမ့်မယ်။

သမ္မာတရားကို သင်ကြိုးစားရှာဖွေတဲ့နေရာမှာ ဘုရားသခင်ကသင့် ကို ကျွန်တော်တို့နဲ့ အတူပါဝင်ရန် နိုးဆော်ဖို့ကျွန်တော်တို့ဆုတောင်းပါတယ်။

မွန်မြတ်တဲ့ ယေရှုခရစ်တော်ရဲ့ နာမ၌၊ အာမင်။

**မှတ်ချက်များ**

၁။ မဿဲ ၁၆း၁၈-၁၉၊ ဟီလမန် ၁၀း၇ ကို ကြည့်ပါ။
၂။ ယုံကြည်ခံယူချက်ကျမ်း ၈၄း၂၀ ကို ကြည့်ပါ။
၃။ ၂နီဖိုင်း ၃၃း၁၀ ကို ကြည့်ပါ။
၄။ ကောင်းမှုပြုခဲ့ပြီလား ဆိုတဲ့ သီချင်း နံပါတ် ၂၂၃ ကို ကြည့်ပါ။
၅။ ယုံကြည်ခြင်းဆောင်းပါး ၁း၁၁ ကို ကြည့်ပါ။
၆။ မော်မွန်ကျမ်းရဲ့ ကနဦးစာမျက်နှာ၊ မာမွန် ၈း၁၇ ကို ကြည့်ပါ။
၇။ ဟေဗြဲ ၁၁း၁၊ အယ်မာ ၃၂း၂၁ ကို ကြည့်ပါ။
၈။ ကျန်းမာစေသူ ခရစ်တော် (၁၉၂၄)၊ ၂၃၊ F. F. Bosworth ကို ကြည့်ပါ။
၉။ ယာကုပ် ၂း၈ ကိုကြည့်ပါ။
၁၀။ ရှင်ယောဟန် ၆း၆၆ ကိုကြည့်ပါ။
၁၁။ ရှင်ယောဟန် ၆း၆၇-၆၈ ကို ကြည့်ပါ။
၁၂။ မဿဲ ၁၆း၂၄ ကို ကြည့်ပါ။

© 2013 Intellectual Reserve, Inc အားဖြင့် မှတ်ပုံတင်ပြီး မူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန် ပြည်ထောင်စုတွင် ပုံနှိပ်ထုပ်ဝေသည်။ အင်္ဂလိပ်ဘာသာ ခွင့်ပြုချက်၊ 6/12။
ဘာသာပြန်ခွင့်ပြုချက် 6/12။ *Visiting Teaching Message, November 2013 အားဘာသာပြန်ဆိုခြင်း၊* Burmese 10671 256